**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

အမိန့်ကြော်ငြာစာ အမှတ် (၆၃/၂၀၁၈)

ရန်ကုန်၊ ၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်)

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ အီလက်ထရောနစ်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းမပြုသည့် ကုမ္ပဏီမှတ်ပုံတင်မှုအတွက် သီးခြားဝန်ဆောင်ခ သတ်မှတ်ခြင်း**

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၆၂ (က) အရ အပ်နှင်းထားသည့် အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ဤအမိန့် ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

၁။ ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းလျှောက်ထားလွှာများ ပုံစံ (က) အုပ်စုနှင့် ကုမ္ပဏီ၏ ပြန်လည်မှတ်ပုံတင်ခြင်းအတွက် လျှောက်ထားလွှာများပုံစံ (ခ) အုပ်စုတို့အတွက် အီလက်ထရောနစ် နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းမပြုသည့် ကုမ္ပဏီ မှတ်ပုံတင်မှုတစ်ခုလျှင် သတ်မှတ်ထားသည့် အခကြေးငွေအပြင် သီးခြားဝန်ဆောင်ခအဖြစ် ၁၀၀,၀၀၀ ကျပ် ပေးဆောင်ရမည်။

၂။ အခြားကုမ္ပဏီဆိုင်ရာ လျှောက်ထားလွှာများအတွက် အီလက်ထရောနစ်နည်းလမ်း ဖြင့် ဆောင်ရွက်ခြင်းမပြုသည့် မှတ်ပုံတင်မှုတစ်ခုလျှင် သတ်မှတ်ထားသည့် အခကြေးငွေ အပြင် သီးခြားဝန်ဆောင်ခအဖြစ် ၅၀,၀၀၀ ကျပ် ပေးဆောင်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

အောင်နိုင်ဦး

ညွှန်ကြားရေးမှူးချုပ်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ် ၊ ရက - ၁၀/၁ /၂၀၁၈ ( ၀၉၉၅၁ )

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ဇူလိုင်လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာန (အားလုံး)

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (အားလုံး)

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန | } မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်း<br>ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် |

ဤဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများအားလုံး

ရုံးလက်ခံ / မျှောစာတွဲ